# သာမန်ကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၁း ၂၉ - ၃၄

ယနေ့ ရှင်ယောဟန်ရဲ့ဧဝံဂေလိကျမ်းစာထဲမှာ ယောဟန်ဗတ္တိစတားက သခင်ယေဇူးကို "ဤသူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဆေးကြောသောသူ ဖြစ်သတည်း" လို့ ဆိုထားပါတယ်။ ဆေးကြောခြင်းခံတဲ့ အဓိပ္ပါယ်အရ - လူဟာ ခရစ်တော်ကို ယုံကြည်လို့ ဆေးကြောခြင်းခံတာဖြစ်တယ်၊ ဒါကြောင့် အညစ်အကြေးတွေကို ရေနဲ့ ဆေးကြောသန့်စင်ကြသလို သူရဲ့အပြစ်တွေကလည်း သန့်စင်သွားတယ်၊ အပြစ်တွေမှ လွတ်မြောက်သွားတယ်၊ လူသစ်ဖြစ်လာတယ်၊ ဘုရားရဲ့သားသမီးဖြစ်လာတယ်ဆိုတာတွေကို ကျနော်တို့ နားလည်ပြီးပါပြီ။ ရှေ့ဆက်ပြီး ဘုရားသခင်ရဲ့သားသမီး ပီသစွာ ကျင့်ကြံနေထိုင်နိုင်ဖို့က အတိုချုပ်ပြောရရင် သခင်ယေဇူးကို အတုယူပြီး ကျင့်ကြံနေထိုင်ရပါမယ်။ ယေဇူးဘုရားရှင်ထံမှာ ဆုတောင်းရင်း၊ ကျမ်းစာထဲမှာပါတဲ့ ယေဇူးဘုရားရှင်ရဲ့တရားတော်တွေကို ဖတ်ရှုစဉ်းစားဆင်ခြင်ရင်းနဲ့ ကျနော်တို့မှာ သခင်ယေဇူးကို အတုယူနိုင်ဖို့ ခွန်အားတွေ ရရှိကြပါတယ်။ အဲဒီလို စိတ်ထားပြောင်းလဲသွားတာကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆေးကြောခြင်းခံတယ်လို့ ခေါ်ပါတယ်။

ဒါကြောင့် ယောဟန်ဗတ္တိစတားက ကျနော်တို့ကို ယေဇူးဘုရားရှင်နဲ့ မိတ်ဆက်ပေးခဲ့တဲ့အတိုင်းပဲ "လောကအပြစ်ကို ချွတ်တော်မူသော ဘုရား၏သိုးငယ်တော်ကို ကြည့်ကြလော့" တဲ့။ သူတို့ခေတ်က သိုးငယ် လို့ ပြောလိုက်ရင် ကိုယ့်အပြစ်တွေအတွက် ဘုရားကို ပူဇော်ဖို့ သတ်ရမည့်ယဇ်ကောင်လို့ မြင်ကြပြီးသားပါ။ "လောကအပြစ်ကို ချွတ်တော်မူတဲ့သိုးငယ်တော်"၊ " လောကအပြစ်" ဆိုတာ ကျနော်တို့ တစ်ယောက်ချင်းစီရဲ့ အပြစ်တွေကို ပြောတာပါ။ အသေခံ၊ ပူဇော်ခံပေးမည့်သူကလည်း အားလုံးစုံကို တတ်နိုင်တဲ့ဘုရား ဖြစ်နေလို့ လောကမှာရှိကြတဲ့လူအားလုံးရဲ့အပြစ်ကို ချွတ်နိုင်တာပါ၊ ဘုရားဖြစ်လို့ လူတွေရဲ့အပြစ်ကို ခွင့်လွှတ်ပိုင်ခွင့် ရှိတာပါ။

တစ်ချို့လူတွေက ဆေးကြောခြင်းခံယူကြတာက ဘာခံယူချက်မှမရှိ၊ ဘာယုံကြည်ခြင်းမှ မရှိပဲ ပေါ့ပျက်ပျက် ခံယူကြတယ်။ တစ်ကယ့်ခံယူချက်အပြည့်နဲ့ ယုံကြည်ခြင်းအပြည့်နဲ့ လေးလေးစားစား ခံယူတဲ့သူက သူ့ဘဝကို ဘုရားအတွက် ရှင်တော့မယ်၊ ကိုယ်ကြိုက်သလို မရှင်တော့ဘူး။ ဒါကြောင့် ပထမကျမ်းစာမှာ အဲ့လို လေးလေးစားစား ဆေးကြောခြင်းမင်္ဂလာကို ခံယူတဲ့သူကို ဘုရားသခင်က "သင်၌ ငါ၏ဘုန်းဂုဏ်တော်ကို ထင်ရှားစေမည်။ ငါ၏ကယ်တင်ခြင်းသည် ကမ္ဘာမြေအစွန်းအဖျားထိ ရောက်ရှိမည့်အကြောင်း လူမျိုးအပေါင်းတို့၏အလင်းအဖြစ် ငါသည် သင့်ကို ခန့်ထားပြီ" လို့ မိန့်တော်မူနေပါတယ်။ ဒါဟာ ဆေးကြောခြင်းခံယူပြီးသူတိုင်း လုပ်ရမည့် သာသနာပြုလုပ်ငန်းပါပဲ။ ဒါဟာ တာဝန်အရမို့လို့သာ လုပ်ရမည့်အလုပ်မျိုး မဟုတ်ရပါဘူး။ ဆေးကြောခြင်းခံယူပြီးသူကိုယ်၌က ဝမ်းသာလွန်းလို့ လူတိုင်းကို ယေဇူးဘုရားရှင်ထံ ညွှန်ပြပေးချင်စိတ် ပေါ်ပေါက်နေရပါမယ်။ ယောဟန်ဗတ္တိစတားက လူတွေကို

သခင်ယေရှုးဆီရောက်အောင် ညွှန်ပြပေးသလိုပေါ့။ ဒါကြောင့် ကျနော်တို့ဘက်ကလည်း ဆေးကြောခြင်းခံပြီးရင် ကျနော်တို့ရဲ့စိတ်ထားက ယနေ့ဖတ်ရတဲ့ ဆာလံအလိုက်လိုပဲ "အိုသခင်၊ ကိုယ်တော်၏အလိုတော်ကို ဆောင်ရွက်ရန် ကျွန်ုပ် ရောက်ရှိလာပါပြီ" လို့ အသင့်ဖြစ်ရပါမယ်၊ စိတ်ထားပြောင်းလဲရပါမယ်။

ရှင်ပေါလူး ဆုံးမထားသလို "ကိုယ်တော်သည် လူအပေါင်းတို့အတွက် အသေခံခဲ့သဖြင့် လူတို့သည် မိမိတို့ကိုယ်တိုင်အတွက် အသက်ရှင်ခြင်းမဟုတ်တော့ပဲ မိမိတို့အကျိုးအလို့ငှါ အသေခံ၍ ရှင်ပြန်ထမြောက်တော်မူခဲ့သောအရှင်အတွက် အသက်ရှင်ကြရမည်ဖြစ်၏။" ဆိုလိုတာက ဆေးကြောခြင်းခံယူပြီးသူက ဘုရားအတွက်ပဲ အသက်ရှင်ရတော့မယ် တဲ့။ ဘာလို့လဲဆိုတော့ ဘုရားက ကျနော်တို့အတွက်အသေခံလို့ ကျနော်တို့က ကိုယ့်အသက်ကို ကိုယ်မပိုင်တော့ဘူး၊ ဘုရားက ပိုင်တယ်။ ကျနော်တို့ သေပြီး သေရာမှပြန်ရှင်ကာ ထာဝရအသက်ရစေဖို့လည်း ဘုရားအတွက်သာ ရှင်ကြရပါမယ်။ သေရာမှပြန်ရှင်ခြင်းက လူ့ဘဝရဲ့ပန်းတိုင် ဖြစ်လို့ပါပဲ။

ဒါကြောင့် ဆေးကြောခြင်းခံယူပြီးတဲ့ကျနော်တို့ကို ဘုရားက ခေါ်တော်မူထားတာက သူတော်သူမြတ်ရဟန္တာတွေအစုထဲမှာ ပါဝင်ဖို့ပါပဲ။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာမှာ ရှင်ပေါလူးက "ဘုရားသခင်၏အသင်းတော်ဝင်များဖြစ်ကြသောငါတို့သည် ခရစ်တော်ယေရှု၌ သန့်စင်ခြင်းခံရပြီး သန့်ရှင်းသူများအဖြစ်(ရဟန္တာများအဖြစ်)သို့ ခေါ်တော်မူခြင်းခံကြရ၏။" တဲ့။ ကျနော်တို့ကို ရဟန္တာဖြစ်ဖို့ ခေါ်ထားတာဖြစ်လို့ တစ်ယောက်ကို တစ်ယောက်ချစ်ရမယ်၊ နားလည်ပေးရမယ်၊ ခွင့်လွှတ်ရမယ်။ ကူညီထောက်ပံ့ရမယ်။ အားပေးရမယ်ဆိုတာတွေက ပြောနေစရာတောင် မလိုတော့ပါဘူး။

ဒါကြောင့် အသင်းတော်ထဲမှာ ပါဝင်နေတာက ကိုယ့်မင်းကိုယ်ချင်း နေနေရတာ မဟုတ်ပါဘူး။ အားလုံးနဲ့ ပတ်သက်ရပါတယ်။ အားလုံးကို မေတ္တာထားရပါမယ်။ ဒီအတွက် ကျနော်တို့ ဆေးကြောခြင်းခံပြီး သူတော်သူမြတ် ရဟန္တာအဖွဲ့ထဲမှာ စတင်ပါဝင်လာကြတာပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။